

# အမေရိကန်ပြည်ထောင်စုရှိ အများပြည်သူသုံး ပို့ဆောင်ဆက်သွယ်ရေး

သင်၏ ရပ်ရွာအဖွဲ့အစည်းအသစ်အတွင်းသို့ သင် ရောက်ရှိချိန်တွင် သင့်အနေနှင့် တစ်နေရာမှ တစ်နေရာသို့ မည်သို့ အလွယ်တကူ သွားလာရမည်ဖြစ်ကြောင်း သင်ယူဖို့ လိုအပ်မည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် လူတော်တော်များများသည် ကားမောင်းနှင်ကြသော်လည်း ကားတစ်စီးအား ပိုင်ဆိုင်ရန် ငွေကုန်ကြေးကျများပြီး၊ စစချင်းတွင်မူ သင့်အတွက် သိပ်အဆင်ပြေလှမည် မဟုတ်ပေ။ ရပ်ရွာအဖွဲ့အစည်း အများစု၌ သင်၏ ပြန်လည်အခြေချနေထိုင်ရေး အေဂျင်စီ၊ (သင် အလုပ်ရရှိပြီးသည့်နောက်တွင်မူ) သင်၏ အလုပ်နေရာ၊ ထို့ပြင် စတိုးဆိုင်များ၊ ဘဏ်များ နှင့် အခြားသော လူထုဝန်ဆောင်မှုများ အစရှိသည်တို့သို့ သင် သွားရောက်နိုင်ရန်အတွက်မှာ အသုံးပြုနိုင်မည်ဖြစ်သော အများပြည်သူသုံး ပို့ဆောင်ဆက်သွယ်ရေး ပုံစံ တစ်မျိုး သို့မဟုတ် တစ်မျိုးမက ရှိတတ်ကြပေသည်။ သင် သွားလိုသည့်နေရာ၊ သွားရန်လိုအပ်သောနေရာများသို့ အန္တရာယ်ကင်းစွာဖြင့် သွားလာနိုင်ရန် အများပြည်သူသုံး ပို့ဆောင်ဆက်သွယ်ရေးအား မည်သို့ အသုံးပြုရမည်ဖြစ်ကြောင်း သင်ယူလေ့လာထားခြင်းသည် သင်၏ ရပ်ရွာအဖွဲ့အစည်း အသစ်၌ သင် ချိန်ညှိအံဝင်ခွင်ကျနေထိုင်နိုင်ရန်အတွက် အရေးကြီးသော ပထမဆုံးအဆင့် တစ်ဆင့် ဖြစ်ပေသည်။ သင်၏ ပြန်လည်အခြေချနေထိုင်ရေး အေဂျင်စီသည် သင် ရောက်ရှိလာပြီးနောက် များမကြာမီတွင်ပင် ဒေသခံ အများပြည်သူသုံး ပို့ဆောင်ဆက်သွယ်ရေး များနှင့်ပတ်သက်သည့် အချက်အလက်များကို သင့်ထံသို့ ထောက်ပံ့ပေးသွားမည် ဖြစ်သည်။

## အများပြည်သူသုံး ပို့ဆောင်ဆက်သွယ်ရေး




အမေရိကန်ပြည်ထောင်စုရှိ အများပြည်သူသုံး ပို့ဆောင်ဆက်သွယ်ရေးများသည် တစ်နေရာနှင့် တစ်နေရာ ကွာခြားမှု ရှိပေသည်။ အချို့သော နေရာများတွင် ၎င်းအများပြည်သူသုံး ပို့ဆောင်ရေးအား အသုံးပြု၍ သင် သွားရန် လိုအပ်သော နေရာတိုင်းနီးပါးသို့ သွားရောက်နိုင်ပေသည်။ အချို့သော နေရာများတွင်မူ အများပြည်သူသုံး ပို့ဆောင်ဆက်သွယ်ရေးသည် ရံဖန်ရံခါမှသာလျှင် စီမံလည်ပတ်သည် သို့မဟုတ် ရရှိနိုင်မည် ဖြစ်သည်။

အများပြည်သူသုံး ပို့ဆောင်ဆက်သွယ်ရေး အဓိက အမျိုးအစား သုံးမျိုး ရှိပေသည် - ဘတ်စ်ကားများ၊ မြေအောက်ရထားများ နှင့် ခရီးဝေး ရထားများတို့ ဖြစ်ပေသည်။ ၎င်းတို့သည် ပုံမှန်အားဖြင့် အချိန်စာရင်းတစ်ခုအတိုင်း ပြေးဆွဲပြီး၊ အချို့သော သတ်မှတ်ထားသည့် တည်နေရာများတွင် ရပ်တန့်ကာ စီးနင်းသူများအား အတင်၊အချ ပြုလုပ်ပေသည်။ အများအားဖြင့်မူ အများပြည်သူသုံး ပို့ဆောင်ဆက်သွယ်ရေးအား အသုံးပြုရန်အတွက် သင့်အနေနှင့် လက်မှတ်တစ်စောင် ကြိုတင် ဝယ်ယူထားရန် သို့မဟုတ် ယာဉ်ပေါ်တက်ရောက်ပြီးမှ ပေးချေရန် လိုအပ်မည် ဖြစ်သည်။ တစ်ခါတစ်ရံတွင်မူ သင့်တွင် ယာဉ်ခ အတိအကျ ရှိထားရန် သို့မဟုတ် ယာဉ်ခအား ကာမိစေရန်အတွက်မှာ ခရစ်ဒစ် အလုံအလောက်ရှိသည့် အီလက်ထရောနစ် ထရန်စစ် ကဒ်တစ်စောင် ရှိထားရန် လိုအပ်မည် ဖြစ်သည်။ တစ်ခါတစ်ရံတွင်မူ သင်၏ ခရီးစဉ် အတို၊အရှည်ပေါ်မူတည်ပြီး ယာဉ်ခကုန်ကျစရိတ်အား သတ်မှတ်ဆုံးဖြတ်ပေသည်။ ထရန်စစ် ကဒ်များအား ဘူတာရုံများတွင် သို့မှမဟုတ် သင်၏ ထရန်စစ်ကဒ်အား ငွေပြန်ဖြည့်ရန်အတွက် ငွေသား သို့မဟုတ် အကြွေးဝယ်ခွင့်ကဒ် သို့မဟုတ် လက်ငင်းဝယ်ခွင့်ကဒ်အား သင် အသုံးပြုနိုင်မည့် အခြားသော တည်နေရာများတို့တွင် ရရှိနိုင်ပေသည်။








အလျင်လိုသည့် ရုံးသွားကျောင်းတက်အချိန်များအတောအတွင်း အများပြည်သူသုံး ပို့ဆောင်ဆက်သွယ်ရေး စျေးနှုန်းများသည် တစ်နေ့တာ၏ အခြားသော အချိန်များထက် ပိုမို မြင့်တက်ကောင်း မြင့်တက်နိုင်ပေသည်။ ၎င်းအလျင်လိုသည့်အချိန်များအတောအတွင်း ရထားများ နှင့် ဘတ်စ်ကားများသည်လည်း ပိုမို လူကြပ်နိုင်ပြီး၊ မြို့ ကြီးများတွင်မူ သင် ဆန္ဒရှိရာနေရာသို့ ရောက်ရှိရန် သိသိသာသာ ပိုမို အချိန်ကြာမြင့်နိုင်ပေသည်။ အကယ်၍ အလုပ်သို့ သင် အချိန်မီ ရောက်ရှိလိုလျှင် သို့မဟုတ် အချိန်အတိမ်းအစောင်းမခံသည့် ချိန်းဆိုမှုတစ်ခုအား သင် ပြုလုပ်ထားလျှင် ဤအလျင်လိုသည့်အချိန်များအတောအတွင်း အချိန်ပိုမို စောထွက်ထားဖို့ အရေးကြီးပေသည်။

အများပြည်သူသုံး ပို့ဆောင်ဆက်သွယ်ရေးအများစုတွင် သက်ကြီးသူများ၊ မသန်စွမ်းများ နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများတို့အတွက် ထင်ရှားစွာ အမှတ်အသားပြုထားသည့် အရန်ဖယ်ချန်ထားသော ထိုင်ခုံနေရာများ ပါရှိပေသည်။ လိုအပ်ပါက ကျန်းမာသန်စွမ်းသော ခရီးသည်များအနေနှင့် ဤထိုင်ခုံနေရာများတွင် မထိုင်ဘဲ၊ အလွတ်ဖယ်ချန်ပေးထားရန် မျှော်လင့်ထားသည်။

## လမ်းလျှောက်ခြင်း နှင့် စက်ဘီးစီးခြင်း

လမ်းလျှောက်ခြင်း နှင့် စက်ဘီးစီးခြင်းသည် ငွေကုန်ကြေးကျမများသည့်အပြင် သင့်ကျန်းမာရေးအတွက်လည်း ကောင်းမွန်စေသည့် သက်တောင့်သက်သာအဆင်ပြေသော ပို့ဆောင်ရေး နည်းလမ်းများ ဖြစ်ကြပေသည်။ အမေရိကန်ပြည်ထောင်စုတွင် လမ်းလျှောက်ခြင်း နှင့် စက်ဘီးစီးခြင်းတို့အတွက် ထုတ်ပြန်ထားသည့် ဥပဒေများ ရှိပေသည်။ ယာဉ်လမ်းကြောင်း ဆိုင်းဘုတ်သင်္ကေတများ နှင့် အချက်ပြမှုများအား သတိပြုပါ၊ သို့မှသာ သင်၏ ရပ်ရွာအဖွဲ့အစည်းအတွင်း သင် လမ်းလျှောက်ချိန်တွင် လုံခြုံအန္တရာယ်ကင်းပေမည်။ လူသွားလမ်း ပလက်ဖောင်းများအား အသုံးပြုပြီး၊ လူကူးမျဉ်းကြားများ သို့မဟုတ် ထောင့်များတွင်သာ လမ်းဖြတ်ကူးကြောင်း သေချာအောင် ဆောင်ရွက်ပါ။ သင်၏ စက်ဘီးအား သတ်မှတ်ထားသော ဧရိယာများတွင် ပါကင်ထိုး ရပ်နားပြီး၊ လုံခြုံစွာ သော့ခတ်ထားပါ။ မြို့တော်တော်များများသည် စက်ဘီးများအတွက် အထူးလမ်းကြောင်းများကို ထောက်ပံ့ပေးထားပြီး၊ စက်ဘီးစီးသူများအတွက်လည်း ယာဉ်လမ်းကြောင်း နှင့် လုံခြုံရေးဆိုင်ရာ စည်းမျဉ်းထုတ်ပြန်ချက်များ အသေးစိတ် ရှိပေသည်။ နေရာ တော်တော်များများတွင် ဥပဒေအရ စက်ဘီးစီး ဦးထုပ်အား ဝတ်ဆင်ရန် လိုအပ်ပြီး၊ အချို့သောမြို့များတွင်မူ စက်ဘီးစီးနင်းသူများအတွက် လိုင်စင်ကိုပါ လိုအပ်ပေသည်။ လုံခြုံအန္တရာယ်ကင်းစွာ စက်ဘီးစီးနင်းနိုင်ရန်အတွက်မှာ သင့် ရပ်ရွာအဖွဲ့အစည်းအတွင်းမှ ယာဉ်လမ်းကြောင်းဆိုင်ရာ ဥပဒေများအား သိရှိ၊ လိုက်နာရန် အရေးကြီးပေသည်။

အချို့သော မြို့များတွင် စက်ဘီးအား ငှေမျှသည့် အစီအစဉ်များ ရှိပြီး၊ ၎င်းအစီအစဉ်သည် စီးနင်းသူများအား ကာလတိုတစ်ခုအတွင်း အသုံးပြုရန်အတွက် စက်ဘီးများ ငှားရမ်းနိုင်ခွင့်ကို ရရှိစေသည်။ ဤအစီအစဉ် အများစုသည် မြို့အနီးဝန်းကျင်ရှိ စက်ဘီး စတေရှင်များအား စီမံလည်ပတ်ပြီး၊ စီးနင်းသူများသည် စတေရှင်တစ်ခုမှ နောက်တစ်နေရာသို့ စီးနင်းရန် ပေးချေရပြီး၊ အဆိုပါနောက်တစ်နေရာ၌ ၎င်းတို့သည် အခြားစီးနင်းသူတစ်ဦး စီးနင်းနိုင်ရန်အတွက်မှာ စက်ဘီးအား  ချန်ထားရစ်မည် ဖြစ်သည်။ ပုံမှန်အားဖြင့် စီးနင်းသူများသည် အကြွေးဝယ်ခွင့်ကဒ် သို့မဟုတ် လက်ငင်းဝယ်ခွင့်ကဒ်တစ်ခုဖြင့် ပေးချေရန် လိုအပ်သည်၊ သို့မဟုတ် အစီအစဉ်၏ အဖွဲ့ဝင်တစ်ဦး ကြိုတင် ဖြစ်နေရမည် ဖြစ်သည်။ အချို့သော အစီအစဉ်များတွင် စမတ်ဖုန်း အပလီကေးရှင်းများ ပါရှိပြီး၊ ၎င်းတို့သည် စီးနင်းသူများအား ရရှိနိုင်မည့် စက်ဘီးများကို ရှာဖွေတွေ့ ရှိနိုင်စေရန် နှင့် ငွေကြေးပေးချေမှုအား စီမံခန့်ခွဲနိုင်စေရန် ဆောင်ရွက်ပေးသည်။




## မျှဝေ စီးနင်းခြင်း နှင့် တက္ကစီအငှားကားများ

Lyft နှင့် Uber ကဲ့သို့သော မျှဝေ စီးနင်းသည့် ဝန်ဆောင်မှုများအား အမေရိကန်ပြည်ထောင်စုတစ်ဝှမ်း တော်တော်များများသော မြို့ ကြီးများ နှင့် မြို့နယ်များတွင် ရရှိနိုင်ပေသည်။ အခြေအနေအများစုတွင် မျှဝေ စီးနင်းခြင်းသည် ပုံမှန် တက္ကစီအငှားယာဉ်ထက် ပိုမို စျေးနှုန်းသက်သာကာ ပိုပြီး အဆင်ပြေသော်ငြားလည်း စီးနင်းမှုတစ်ခုအား စီစဉ်ရန်အတွက် သင့်တော်သော အပလီကေးရှင်း ပါဝင်သည့် စမတ်ဖုန်းတစ်လုံးအား လိုအပ်မည်ဖြစ်ကာ ပေးချေမှုပြုလုပ်ရန်အတွက် အကြွေးဝယ်ခွင့်ကဒ် သို့မဟုတ် လက်ငင်းဝယ်ခွင့်ကဒ် ပါဝင်သည့် အကောင့်တစ်ခုအား လိုအပ်ပေသည်။




အင်္ဂလိပ်သင်ခန်းစာ

ဘတ်စ်ကားမှတ်တိုင်/မြေအောက်ရထားဘူတာရုံ ဘယ်မှာလဲ။
Where is the bus stop/subway station?

ဒီဘတ်စ်ကား/ရထား ဘယ်ကိုသွားပါသလဲ။
Where does this bus/train go?

ယာဉ်စီးခ ဘယ်လောက်လဲ။
How much is the fare?

စာကြည့်တိုက်/ဘဏ်/ဆေးဆိုင်/ကုန်စုံဆိုင်ကို ဘယ်လိုသွားရမလဲ။
How can I get to the library/bank/pharmacy/grocery store?

တက္ကစီယာဉ်များကိုမူ လမ်းပေါ်တွင် လှမ်းတားနိုင်သည်၊ သို့မဟုတ် အချို့သော မြို့များတွင် သတ်မှတ်ထားသည့် ဧရိယာများ၌ တွေ့ ရှိနိုင်ပေသည်၊ သို့မှမဟုတ်လျှင်လည်း သင် အင်္ဂလိပ်စကား ပြောဆိုနိုင်ပါက တက္ကစီ ကုမ္ပဏီတစ်ခုထံ ဖုန်းခေါ်ဆိုခြင်းဖြင့် စီးနင်းမှုတစ်ခုအား စီစဉ်နိုင်ပေသည်။ တက္ကစီယာဉ်မောင်းများသည် ပုံမှန်အားဖြင့် ငွေသား သို့မဟုတ် အကြွေးဝယ်ခွင့်ကဒ်များအား လက်ခံသော်လည်း စီးနင်းမှု မစတင်မီ၌ ဦးစွာပထမဆုံး ငွေပေးချေရမည့် နည်းလမ်းအား အတည်ပြုပြောကြားထားသင့်ပေသည်။




မျှဝေစီးနင်းခြင်း နှင့် တက္ကစီအငှားယာဉ်များသည် အများပြည်သူသုံး ပို့ဆောင်ဆက်သွယ်ရေးများထက် ပိုမို စျေးကြီးပြီး၊ နေ့စဉ် အသုံးပြုရန်အတွက်မူ မထောက်ခံလိုပေ။ သို့သော်လည်း အရေးပေါ် အခြေအနေများတွင်မူ ၎င်းတို့သည် အသုံးဝင်နိုင်ပေသည်။

## ကားတစ်စီးအား ပိုင်ဆိုင်ခြင်း နှင့် မောင်းနှင်ခြင်း

ကိုယ်ပိုင်ယာဉ်တစ်စီးအား ပိုင်ဆိုင်ခြင်းသည် အကျိုးကျေးဇူးများနှင့်အတူ တာဝန်ဝတ္တရားများလည်း တွဲဖက် ပါလာမည်ဖြစ်သည်။ ကားနှင့်သက်ဆိုင်သော အသုံးစရိတ်များဟုဆိုရာ၌ ပုံမှန်အားဖြင့် လစဉ် ကားအတွက် ပေးချေမှုများ (အကယ်၍ အကြွေးဝယ်ခွင့်ဖြင့် ဝယ်ယူထားလျှင်)၊ အာမခံ ပရီမီယံကြေးများ၊ လိုင်စင် နှင့် မှတ်ပုံတင်ကြေးများ၊ ထို့ပြင် ကားပါကင်၊ ဓာတ်ဆီ နှင့် ထိန်းသိမ်းရေး ကုန်ကျစရိတ်များ အစရှိသည်တို့ ပါဝင်ပေသည်။ ဤအသုံးစရိတ်များသည် သင်၏ ဝင်ငွေအား လျှင်မြန်စွာ ကုန်ခမ်းသွားစေနိုင်ပေသည်၊ သို့ဖြစ်ရာ ဦးစွာပထမဆုံး အနီးအနားသွားလာရန်အတွက် အများပြည်သူသုံး ပို့ဆောင်ဆက်သွယ်ရေးအား သင် အသုံးပြုဖို့ လိုအပ်ပေမည်။ နောက်ပိုင်းမှ သင် အလုပ်တစ်ခုရရှိပြီး ကားအတွက် အသုံးစရိတ်များအား တတ်စွမ်းနိုင်လောက်သည့်အချိန်မှ ကားတစ်စီးအား ဝယ်ယူရန် သင် ဆုံးဖြတ်ကောင်း ဆုံးဖြတ်နိုင်ပေသည်။ ကား မောင်းနှင်မည့် မည်သူမဆိုသည် ယာဉ်မောင်းစစ်ဆေးမှု ဖြေဆိုရန် နှင့် ယာဉ်မောင်း လိုင်စင်အား လိုအပ်ပေသည်။

**Cultural Orientation Resource Exchange**
8719 Colesville Road, 3rd Floor • Silver Spring, MD 20910
For more information, visit the CORE Resettlement Navigator website at **corenav.org**.

Cultural Orientation Resource Exchange

The contents of this fact sheet were developed under an agreement financed by the Bureau of Population, Refugees, and Migration, United States Department of State, but do not necessarily represent the policy of that agency and should not assume endorsement by the Federal Government. **This material is in the public domain and may be reproduced.**